# အမျိုးသားပေါင်းစုံ

# မဟာမိတ်

ထ တိ ယ အု ပ် ခု

ALL NATIONALIST ALLIANCE

# ကြေငြာချက်

နှင့်

# လုပ်ငန်းစဉ်များ

ရန်ကုန်မြို့၊ ကန်တော်ကလေး
အမှတ် ၉၁–လူအိုရုံလမ်း

## သဘာပတိအဖွဲ့
### အမျိုးသားပေါင်းစုံ–မဟာမိတ်
### တတိယအုပ်စု

က

ထုတ်ဝေသည်။

# အမျိုးသားပေါင်းစုံ မဟာမိတ် (တတိယ)အုပ်စု၏ ကြေငြာချက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်လွတ်လပ်ရေးရရှိခဲ့သည်မှာ [illegible] နှစ် ၁၀ မိုးကျော်လွန်ခဲ့လေပြီ။ သို့ဖြစ်လင့်ကစား ထိုလွတ်လပ်ရေးမှာ အကြောင်းအမျိုးမျိုးတို့ကြောင့် အကောင်အထည်မပေါ်နိုင်ဖြစ်ခဲ့ရပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်သားတို့မှာ သည်းလွတ်လပ်ရေး၏ အရသာကို ယနေ့ထိ မယ်မယ်ရရ ကောင်းစွာမခံစားကြရသေးပေ။ တိုင်းပြည်ကိုအုပ်ချုပ်လာခဲ့သော ဖဆပလ အစိုးရတို့၏ အုပ်ချုပ်ရေးပေါ်လစီ လုပ်နည်းလုပ်ထုံးများ ခြစ်စမ်းခရမ်းပျိုး ချွတ်ချော်မှားယွင်းခဲ့မှုတို့နှင့် တိုင်းပြည်၏အခြေအနေနှင့် မဆီလျော်မကိုက်ညီသော လက်တည့်စမ်းလုပ်ငန်းစီမံကိန်းတို့ကြောင့် ပြည်သူပြည်သားအပေါင်းမှာ မနစ်နာသင့်ပါဘဲလျက် အမျိုးမျိုးနစ်နာခြင်းတို့ ခံစားခဲ့ကြရသည်။ တိုင်းပြည်၏ အုပ်ချုပ်ရေးကခေါက်ကမဖြစ်ခဲ့ခြင်းကြောင့်လည်း တိုင်းပြည် အရွယ်အစား လူဦးရေအဒိုက် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါနှင့် အချမ်းသာဆုံးနိုင်ငံတခုဖြစ်နိုင်ပါလျက် ကျွန်ုပ်တို့နိုင်ငံမှာ ကြေးအထူဆုံး ကျွန်ုပ်၏ အမျိုးသားများမှာ အဆင်းရဲဆုံး အမွဲဆုံး ဘဝသို့ကျရောက်ခဲ့ကြရသည်။ ကမ္ဘာ့စံချိန်နှင့် ယှဉ်ကြည့်သော် လူတဦးချင်း၏ဖျမ်းမျှခြင်းဝင်ငွေတွင် ဗမာအမျိုးသားကအနည်းဆုံး သက်တန်းလည်း အတိုဆုံး အကျင့်စာရိတ္တလည်းအပျက်ဆုံးဖြစ်၍နေသည့်အထဲတွင် ပါဝင်နေသည်။ ရာဇဝတ်မှုအပေါ်များဆုံး အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုမရှိဆုံးနိုင်ငံတခုဖြစ်နေပြီဆိုသည့် အချက်ကိုလည်း မည်သူမျှမငြင်းနိုင်ချေ။

မြေပေါ်မြေအောက် အဓမ္မသမား ကွန်မြူနစ်များ၏မတရား လုပ်ချားထွင်းဖေါက်မှုနှင့် လူမျိုးခြား တိုင်းတပါးသားတို့အား လူမျိုးနှင့်တိုင်းပြည်ကို ရောင်းစားမှုအစုစုတို့ကြောင့် ပြည်ထောင်စုနိုင်ငံတော်ကြီးသည် နုရာဝဲ့စွဲ–လဲရာသူမိုးထောင်းအခြေအနေသို့ ရောက်

ရှိခဲ့ရလေသည်။ ယနေ့ မိုလ်ချုပ်ကြီး အစိုးရသည် ထိုအမျိုးသစ္စာဖေါက်တို့၏ နှောက်ယှက်ဖျက်ဆီး သတ်ဖြတ် ရောင်းစားမှုတို့ကြောင့် အဘက်ဘက်တွင် ပြိုကွဲပျက်စီးလျက်ရှိသော ပြည်တွင်း အခြေအနေကို ဤမျှတိုတောင်းသော အချိန်ကာလ အနည်းငယ် အတွင်းတွင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးပြဿနာများကို ရှင်းလင်းနိုင်သလောက် ရှင်းလင်းနိုင်ခဲ့၍ ရှေးကထက်အဆပေါင်းများစွာ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွှမ်းနိုင်သောကြောင့် ကျွန်ုပ်တို့သည် ထိုအစိုးရအား ကျေးဇူးမတင်ရှိဘဲမနေနိုင်ပေ။

တိုင်းပြည်အခြေအနေတခုလုံးကိုခြုံကြည့်လျှင်ပြီးခဲ့သော ဖဆပလ ၁၀-နှစ် အတွင်း၌ တနှစ်ထက်တနှစ် တိုးတက် ကောင်းမွန်လာရမည့်အစား အဘက်ဘက်မှ ပြိုကွဲပျက်စီးလျက်သာ လာခဲ့ရသည်။ တနေ့တခြားစီးပွါးရေးဘက်မှ ကျဆင်းလာခဲ့ရသည်နှင့်အမျှ တိုင်းသူပြည်သားတို့၏ နေထိုင်စားသောက်ရေးမှာလည်း အလွန်ကြပ်တည်းဆိုးဝါး၍လာခဲ့ရသည်။ လွတ်လပ်ပြီ ဆိုသော်လည်း မလွတ်လပ်မီကျွန်ဘဝထက်ပင် လူအများပိုမို၍ အတိဒုက္ခရောက်ကြရသည်။ တိုင်းပြည်အတွက်အဆိုးဝါးဆုံးဖြစ်ရပ်ကြီးမှာကား ပြည်သူပြည်သားအများအမျိုးသားစိတ်ဓါတ် တဖြည်းဖြည်း ခမ်းခြောက်လာခဲ့ကြခြင်း အမျိုးသားတို့၏ စည်းလုံးညီညွတ်မှုကြီး ပျက်စီးလာခဲ့ရခြင်းနှင့် တိုင်းပြည်အတွက်လည်း ကောင်းမြတ်သော အမျိုးသားအင်္ဂါရပ်များ တစတစပျောက်ဆုံး၍လာခဲ့ရခြင်းတို့ပင်ဖြစ်သည်။

တိုင်းပြည်နှင့်အမျိုးသားအားလုံးအတွက် ဤသို့မကောင်းသော အခြေအနေဖြစ်ရပ်များ ဆက်လက် တည်ရှိနေခြင်းကို ကျွန်ုပ်တို့သာ လျှင်မဟုတ် အမျိုးသားစိတ်ရှိသော ပုဂ္ဂိုလ်မှန်သမျှမည်သူမျှလိုလားနိုင်ကြလိမ့်မည်မဟုတ်ပေ။ သို့ဖြစ်ရာပြည်ထောင်စုကြီးအတွင်း၌ အမျိုးသားတိုင်း လွတ်လပ်ရေး၏ အရသာကို လက်တွေ့ခံစားနိုင်စေခြင်းအလို့ငှါ လွတ်လပ်ရေးကို အမြန်ဆုံး အကောင်အထည် ဖေါ်ပေးရန် အထူးအရေးကြီးပေသည်။ အမျိုး သား စီးပွားရေးကို အ



အမြဲ တိုးတက်ရှင်သန်အောင် ထူထောင်ပေး၍ တိုင်းသူပြည်သားတို့၏နေထိုင်စားသောက်ရေး သက်သာချောင်ချိမှုကို ဆောလျင်စွာဖန်တီးပေးဘို့လိုပေသည်။ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေး ကျပ်ပြည့်တင်းပြည့်ရရှိမှုအတွက် အဘက်ဘက်မှ စီမံပေးရန်လည်း ထူးထူးခြားခြားလိုအပ်သည်။ တဖြည်းဖြည်းခမ်းခြောက်၍လာခဲ့သော အမျိုးသားစိတ်ဓါတ်များကိုလေလောဆယ်ပြန်လည်လှုံ့ဆော်ပေးရန်လည်း လိုအပ်သည်။ တနေ့ထက်တနေ့ ပို၍ပို၍ ပြိုပျက်လာခဲ့သော အမျိုးသားစည်းလုံးမှုကြီးကိုလည်း အင်အားပြည့်တင်းသန်မာ ထွားကြိုင်းလာအောင် ပြန်လည်တည်ဆောက် ပေးရန်သည်း အလွန်တရာအရေးကြီးပေသည်။

ဤအကြောင်းများကြောင့်ပင် အမျိုးသားရေး လွတ်လပ်ရေးနှင့်ဒီမိုကရေစီရေးတို့၌ အနည်းနှင့်အများဆိုသလို သဘောထားအမျှအဆခြင်း တူမျှကြသော အောက်တွင် လက်မှတ် ရေးထိုးကြသည့် ကျွန်ုပ်တို့အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလကိုယ်စားလှယ်များသည် ပါတီကျိုး ကိုယ်ကျိုးတို့ကိုပယ်ကာ အဘက်ဘက်မှ ပျက်စီးနေသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ကြရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားပေါင်းစုံ မဟာမိတ်အတွင်း၌ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန်တညီတညွတ်တည်းဆုံးဖြတ်လိုက်ကြပေသည်။ ကျွန်ုပ်တို့ အမျိုးသားပေါင်းစုံ မဟာမိတ်၏ အခြေခံဝါဒမှာ အမျိုးသားရေးဝါဒဖြစ်၏။ လိုက်နာကျင့်သုံးကြမည့်စနစ်မှာကား အမျိုးသားပါလီမန် ဒီမိုကရေစီစနစ်ဖြစ်ပေသည်။ တတိုင်းပြည်လုံးနှင့်ဆိုင်သောအမျိုးသားပြဿနာရပ်များပေါ်လာတိုင်းပေါ်လာတိုင်း ကျွန်ုပ်တို့သည် ရင်းနှီးစွာတွေ့ဆုံဆွေးနွေးကြ၍ အလုပ်တူညီနိုင်သောနေရာတိုင်းတွင် တစည်းတလုံးတည်း စုပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ဝါဒနှင့်လုပ်ငန်းစဉ်ကို အတိုချုံး၍ ပြောရမည်ဆိုလျှင် ကျွန်ုပ်တို့သည် အမျိုးသားဝါဒကို ပင်ရင်းအုတ်မြစ်အနေနှင့် အခြေခံထားကြမည်။

ထိုအခြေခံပေါ်တွင် ဗမာ့လွတ်လပ်ရေးနှင့် အမျိုးသားပါလီမန် ဒီမိုကရေစီရေးကို မယိမ်းမယိုင်နိုင်အောင် ခိုင်မြဲစွာတည်ဆောက်ကြမည်။ ထိုအုတ်မြစ်များပေါ်တွင် တကယ်အစစ်အုပ်ချုပ်မှုနားလည်၍ တကယ်အစစ်တရားနှင့်အညီ ကျင့်သုံးသော တကယ်အစစ် အမျိုးသားအစိုးရပေါ်ထွက်လာစေရန် ကျွန်ုပ်တို့သည် အစွမ်းကုန်ကြိုးစားကြမည်။

ထိုအမျိုးသားအစိုးရက လုပ်ကိုင်ဆောင်ရွက်သွားရမည်မှာ ပူးတွဲဖော်ပြထားသည့် အမျိုးသားလုပ်ငန်းစဉ်ကြီးများဖြစ်ပေသည်။ ထိုလုပ်ငန်းစဉ်ကြီးများကို ဆောင်ရွက်သွားကြရာ၌ ကျွန်ုပ်တို့ကဲ့သို့ အမျိုးသားသဘော လွတ်လပ်ရေးသဘော ဒီမိုကရေစီသဘော အခြင်းခံရှိသော နိုင်ငံရေးအဖွဲ့အစည်း လူမျိုးရေး အဖွဲ့အစည်း ဘာသာ သာသနာရေးအဖွဲ့အစည်းများနှင့်လည်း အခါအခွင့်အခြေ အနေအလိုက် သက်တွဲသွားရန် ရည်ရွယ်ကြကြောင်း။

ထိုအမျိုးသားအစစ် ဝါဒကြီးနှင့် လုပ်ငန်းများအတိုင်း လုပ်ဆောင်သွားကြမည်ဖြစ်သည်ကို ကျွန်ုပ်တို့အမျိုးသားပေါင်းစုံ မဟာမိတ်က ဗမာအမျိုးသားလုံးသို့ အတိအလင်းကတိသစ္စာပြု၍ကြေငြာအပ်ပါကြောင်း။

၁။ ပြည်ထောင်စုအမျိုးသားအဖွဲ့ (ပုံ) ဘဖေ
[illegible]

၂။ ဗမာပြည်ဒီမိုကရက်တစ်အဖွဲ့ (ပုံ) သခင်ဗစိန်
[illegible]

၃။ ပြည်သူ့သံမဏိအဖွဲ့ (ပုံ) သန်းမောင်
[illegible]

၄။ မဟာဗမာအဖွဲ့ (ပုံ) ဘွန်စွမ်
[illegible]

(ပုံ) ဘမော်
နာယကကြီး

# အမျိုးသားပေါင်းစုံမဟာမိတ်
# (တတိယ) အုပ်စု လုပ်ငန်းစဉ်။

အမျိုးသားပေါင်းစုံ မဟာမိတ် တ တိ ယ အုပ် စု ၏ ဆောင်ရွက်သွားရန် လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ကြကြောင်း။

(က) ရေရှည်လုပ်ငန်းစဉ်များ။

(ခ) လောလောဆယ်လုပ်ငန်းစဉ်များ။

## ရေရှည်လုပ်ငန်းစဉ်များ။

(၁) နိုင်ငံရေး

(က) ဗမာပြည်လက်ရှိအခြေအနေ၌ အမျိုးသား စည်းလုံးညီညွတ်ရေး ငြိမ်း ချမ်း သာ ယာ ရေး နှင့် လုံ ခြုံ ရေးတို့သည် နိုင်ငံထူထောင်ရေးတို့တွင် အကြီးအမားဆုံးလက်နက်အင်အားကြီးဖြစ်သဖြင့် ၎င်းအရေးများကို အစွမ်းကုန်အားပေးကြမည်။

(ခ) အမျိုးသားစိတ်ဓါတ်ကို အခြေခံပြု၍ တိုင်းသူပြည်သားအများ၏အလိုဆန္ဒအတိုင်း တိုင်းပြည်ရေးရာတို့တွင် ဆောင်ရွက်သည့် အမျိုးသားပါလီမန် ဒီမိုကရေစီစစ်စစ်အုပ်ချုပ်ရေးကို အမြဲထောက်ခံအားပေးကြမည်။

(ဂ) အမျိုးသားပါလီမန် ဒီမိုကရေစီ အစစ်အုပ်ချုပ်ရေးနှင့် လမ်းစဉ်အရ ရသင့်ရထိုက်သောအခွင့်အရေးမှန်သမျှကို ပြည်ထောင်စုကြီးအတွင်းရှိ အမျိုးသားအားလုံး ညီတူညီမျှ ရရှိခံစားနိုင်ကြစေရန်ကိုလည်း အစွမ်းကုန်အားပေးကြမည်။

(၂) အုပ်ချုပ်ရေး။

(က) အုပ် ချုပ် ရေး တွင် ပြည် သူ ပြည် သား အုပ် ချုပ် ရေး သန္တရားအစစ်ကို ထူထောင်ကြခြင်းအားဖြင့် အုပ်ချုပ်ရေးအာဏာ

အို ပြည်သူပြည်သားတို့လက်တွင်းသို့ ထိရောက်စွာ အပ်နှင်းရန်ကြိုးစားကြမည်။

(ခ) ထိုနည်းတူ လုံးဝသန့်ရှင်းစင်ကြယ်ခြင်း လုပ်ငန်းကိုတတ်ကျွမ်းနားလည်ခြင်း ဥပဒေနှင့် တရား မျှတမှုကို တသွေမလွဲရိုသေလိုက်နာခြင်း စသည့်အခြေခံအရည်အချင်းများနှင့် ပြည့်စုံသော အမျိုးသားအစိုးရဖြစ်ပေါ်ရန် ကြိုးစားဆောင်ရွက်ကြမည်။

(ဂ) တိုင်းပြည်အုပ်ချုပ်ရေး ပေါ်လစီရည်ရွယ်ချက် မည်သို့ပင်ကောင်းစေကာမူ တိုင်းပြည်အုပ်ချုပ်ရေးကောင်းခြင်း-ဆိုးခြင်းသည် အုပ်ချုပ်သည့် အမှုထမ်းအရာထမ်းများ ကောင်းခြင်းဆိုးခြင်းပေါ်တွင် အထူးပင်တည်သည် ထို့ကြောင့်ဤအမှုထမ်း အရာထမ်းများတို့၏ အရေးအမျိုးမျိုးသည် အထူးပင်အရေးကြီးသည် ထို့ကြောင့် အမှုထမ်း အရာထမ်းများကိုအကျင့်စာရိတ္တပညာအရည်အချင်းနှင့်လုပ်သက်အလိုက် ခန့်ထားရေး ထိုအလိုက်ရာထူးတိုးမြှင့်ပေးရေး သူတို့ဆောင်ရွက်ရသည့်တာဝန်အလိုက်ရွက်ဆောင်နိုင်ရန်အခကြေးပေးအပ်ရေး၊အာဏာရှိသလောက်လည်းအလုပ်တာဝန်ကိုထမ်းဆောင်စေရေး၊ ထိုကဲ့သို့ဆောင်ရွက်ရာ၌လည်း လွတ်လပ်စွာဆောင်ရွက်နိုင်ရေး၊စည်းကမ်းဥပဒေအတိုင်းသာသူတို့ကို အလုပ်ရွေ့ပြောင်းနိုင်ရေးနှင့်အလုပ်တည်မြဲရေးမှစ၍ အခြားရသင့်ရထိုက်သော အမှုထမ်းအခွင့်အရေးများ(Service Rights)နှင့်ဆောင်ရွက်ရမည့်အမှုထမ်းတာဝန်များ (Duties)ကို စုံလင်စွာထမ်းဆောင် ခံစားရေးတို့ကိုလည်း ကျွန်ုပ်တို့ဆောင်ရွက်ကြမည်။

(၃) စီးပွားရေး။

(က) ဗမာပြည်၏ လက်ရှိစီးပွားရေးအခြေအနေအရ အရေးကြီးဆုံးလုပ်ငန်းကား အမျိုးသားလုပ်ငန်းများ (**National Enterprises**) ထိုလုပ်ငန်းများကိုလုပ်ဆောင်ကြသော **အလုပ်ရှင်များ(Owners)**နှင့်အလုပ်သမားများ(**workers**)အားလုံး**ကို ထိရောက်စွာအားပေးကူညီခြင်းဖြစ်၏။ သို့ဖြစ်ရာ ဤအမျိုးသား**



စီးပွားရေးကြီးတခုလုံးကို အမျိုးသားလက်တွင်းသို့ ရောက်လာစေရန် ကျွန်ုပ်တို့ အားပေးဆောင်ရွက်ကြမည်။

(ခ) ဤသို့အားပေးမှု အောင်မြင်ထိရောက်စေခြင်းငှါ စီးပွားရေးလုပ်ငန်းကြီးကို ၃–ပိုင်းပိုင်း၍ အားပေးကြမည် ထိုသုံးပိုင်းတို့မှာ အမျိုးသား ငွေပင် ငွေရင်း လုံလောက် ရေး (National Capital)အမျိုးသားများပိုင်သောစက်ရုံအလုပ်ရုံနှင့်လုပ်ငန်းများတည်ရှိရေး (Factories)နှင့် အလုပ်နှင့်သက်ဆိုင်ရာ ပညာရပ်၌ကျင်လည်သော အမျိုးသား အလုပ်သမားများ (Skilled Labourers) လုံလောက်စွာရရှိရေးများ ဖြစ်သည်။ ဤအခြေခံလုံလောက်မှု(၃)ခုပေါ်တွင်တိုင်းပြည်၏အသက်သွေးခဲဖြစ်သော ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ပြည်တွင်းဖူလုံရေး(National Production and Self Sufficiency....)ကြီးတို့တည်ရှိနေ၏။ ထို့ကြောင့်ဤအရေးများပြည့်စုံစေရန်ကျွန်ုပ်တို့အထူးပင်ကြိုးစားဆောင်ရွက်ကြမည်။

(ဂ) တိုင်းပြည်၏စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်ရေးပြဿနာနှင့်ပါတ်သက်သော ကျွန်ုပ်တို့၏သဘောထားမှာ ထိုစီးပွားရေးများကို ၂-စိပ် ၂-ပိုင်းခွဲခြား၍ အားပေးဆောင်ရွက်ရပေမည်။ ဤနှစ်စိပ်နှစ်ပိုင်းတို့မှာ ပြည်သူအများပိုင်ဖြစ်သော အစိပ်အပိုင်းနှင့် ပြည်သူအသီးသီးပိုင်ဖြစ်သော အစိပ်အပိုင်းများဖြစ်သည်။ ပြည်သူအများကမပိုင်လျှင် တပြည်လုံး၏အကျိုးထိခိုက်နစ်နာစေမည့် လုပ်ငန်းများကိုကား ဖြစ်နိုင်မည့်အချိန်အခါအလိုက် ပြည်သူအများပိုင်ဖြစ်စေရန် လုံးဝသဘောတူသည်။ အားပေးမည်။ အခြားကုန်ထုတ်လုပ်ရေးနှင့် လုပ်ငန်းများမှာဆိုသော် ပြည်သူပြည်သား တဦးတယောက်တိုင်း ကိုယ့်စီးပွားကို ကိုယ်လွတ်လပ်စွာ ရှာဖွေနိုင်သည့် အခြေခံသဘောနှင့်လုပ်ကိုင်ဆောင်ရွက်နိုင်ကြစေရန် ကျွန်ုပ်တို့အားပေးမည်။ လက်ရှိအမျိုးသားပိုင်လုပ်ငန်းကြီးငယ်များကိုလည်း ကြီးပွားတိုးတက်အောင်မြင်အောင် ကာကွယ် စောင့်ရှောက် ပေး မည်

ယခုသိမ်းပိုက်ထားသော လုပ်ငန်းများကို ပြန်လည်စစ်ဆေး၍ တိုင်းပြည်အကျိုးကိုရှေ့ရှုကာ လိုသည့်လုပ်ငန်းတို့တွင် ပြုပြင်မည်။

(ဃ) စီးပွားရေးကြီးပွားမှု နယ်နိမိတ်များနှင့်ပါတ်သက်၍အား ၃–မျိုး၃–ပိုင်း ခွဲသင့်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

(၁) အမျိုးသားလယ်ယာစိုက်ပျိုးရေးကြီးပွားဖွံ့ဖြိုးမှု၊

(၂) အမျိုးသားစက်မှုလက်မှု ကြီးပွားဖွံ့ဖြိုးမှု။

(၃) အမျိုးသားကုန်သွယ်ရောင်းဝယ်ရေး ကြီးပွားဖွံ့ဖြိုးမှု၊

အမျိုးသားများ၏စီးပွားရေးတခုလုံးကို ထိရောက်စွာ ပြန်လည်ထူထောင်ကြရာ၌ အထက်ပါအတိုင်း အခြေခံ ၃–မျိုး ၃–ပိုင်းပိုင်း၍ ဆောင်ရွက်ရမည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

(င) အမျိုးသားပုဂ္ဂလိကပိုင် ကိုယ်ပိုင်လုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ကြစေရန်အတွက် ထိရောက်စွာအားပေးကြမည်။

(၄) လူ့အခွင့်အရေး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ရှိသင့်ရထိုက်သော လွတ်လပ်ရေးများ လုံခြုံရေးများနှင့် အခြားလူ့အခွင့်အရေးများအားလုံးကို အမျိုးသားတိုင်း တန်းတူညီမျှခံစားခံစားခွင့်ရှိစေမည်။ ထိုရသင့်ရထိုက်သော အခွင့် အရေးများတွင် လုံခြုံရေး စားရေး သောက်ရေးနှင့် ကိုယ့် ယုံ ကြည် ချက် အတိုင်း လွတ်လပ်စွာနေထိုင်လုပ်ကိုင်နိုင်ရေးတို့သည် လက်ငင်းအားဖြင့် အရေးကြီးဆုံးဖြစ်နေသည်။ အမျိုးသားကျန်းမာရေးနှင့်ပညာရေးတို့သည်လည်း အထူးပင် အရေးကြီးသည်။ ထို့ကြောင့် (ပဌမအရေးများကို ပဌမ လုပ်ရမည်သဘောပိုက်၍) ထိုအရေးများ အောင်မြင်စေရန် ပဌမဆုံးဆောင်ရွက်ရမည်။



(၅) လူမျိုးစုများအရေး

အင်အားသာလျှင် လွှမ်းမိုးနေသည့် ယခုခေတ်ကြီး၌ နိုင်ငံတိုင်း နိုင်ငံတိုင်း ကိုယ့်အင်းအားကိုယ်ကြီးမားသည့်ထက် ပို၍ကြီးမားလာစေရန် ကိုယ့်အမျိုးသားတခုလုံး တစုတပေါင်းတည်းဖြစ်ရေးကို အဓိကထား ဆောင်ရွက်နေကြသည်။ ဗမာပြည်တွင်လည်း အမျိုးသားများ ဤသို့စည်းရုံးစုပေါင်းခြင်းကို ကျွန်ုပ်တို့ လိုလားသည်။ ဗမာပြည်တွင် သီးခြားနယ်ဟူ၍မရှိဘဲ အားလုံးအမျိုးအတန်းမရွေး ပိုင်ဆိုင်သည့် တခုတည်းသောနိုင်ငံတော်ကြီး ထူထောင်ခြင်းကို ကျွန်ုပ်တို့လိုလား၏။ သို့သော် ဗမာပြည်တွင်းရှိ အင်အားစုံလင်သောလူမျိုးစုအသီးသီးတို့၏ အလိုဆန္ဒအစစ်အရ အရာရာတွင် ဖြစ်မြောက်စေရန်ကိုလည်း ကျွန်ုပ်တို့သည်တိုး၍လိုလား၏။ ထို့ကြောင့်လူမျိုးစုတို့၏ကြမ္မာကိုမိမိတို့သာ ဒီမိုကရေစီသဘောစစ်စစ်အရ ဖန်တည်းခွင့်ရှိသည့်အတိုင်း လက်ရှိအခြေအနေအရ သီးခြားနယ်အလိုရှိက ပေးရမည်။ မိမိတို့ယဉ်ကျေးမှုဓလေ့ထုံးစံ စာပေဘာသာ အယူဝါဒအစစ်တို့ကိုလည်း လွတ်လပ်စွာထူထောင် ဖန်တီးခွင့်ပေးရမည်။ ဤယုံကြည်ချက်အရလည်း ကျွန်ုပ်တို့ဆောင်ရွက်ကြမည်။

(၆) နိုင်ငံခြားရေး။

(က) ဗမာပြည်သည် အခြားနိုင်ငံအားလုံးနှင့်ပင် ရင်းနှီးစွာပေါင်းသင်းရမည်။ နိုင်ငံအားလုံးနှင့် နှစ် ဦး နှစ် ဘက် အကျိုး ရှိအောင်ဆက်ဆံရမည်။ စီးပွားရေး ပညာရေးနှင့်အခြားအမျိုးသားရေးအမျိုးမျိုးတွင် ဤနည်းအတိုင်းဆက်ဆံ၍ အ မျိုး သား များ၏ အား–အင်ဂါစုံလင် တောင့်တင်းရေးကို အောင်မြင်အောင် ဆောင်ရွက်ရမည်။

နိုင်ငံအပေါင်းတွင် ဗမာပြည်နှင့် လောလောဆယ် ကံကြမ္မာတူသဖြင့် ကျွန်ုပ်တို့နှင့်တိုး၍နီးစပ်သောနိုင်ငံများဖြစ်လျှင် ကျွန်ုပ်တို့သည် တိုး၍ရင်းနှီးစွာဆက်ဆံမည် တိုး၍ဆက်ဆံပြီး အထက်ပါ အရေး

များကို ဆောင်ရွက်ရလိမ့်မည်။ ထိုမှမက ကျွန်ုပ်တို့ကို တကပ်ခံစား ဘနာပြုပြီး ကျွန်ုပ်တို့၏အကျိုးကို ထိရောက်စွာဝိုင်းဝန်းကူညီသည့်ပိုး မည့်နိုင်ငံများဆိုလျှင်ကား အရင်းနှီးဆုံးဆက်ဆံမည်။

(ခ) ကျွန်ုပ်တို့၏ နိုင်ငံခြားရေးဝါဒသည် အမျိုးသားရေး လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးများကို အခြေပြုသောကြောင့် ထို အရေးများအောင်မြင်မှုကိုလွတ်လပ်စွာဆောင်ရွက်မည့်ဝါဒဖြစ်သည့် ကမ္ဘာ့ အခြေအနေကိုလည်းမကြည့် ဗမာအကျိုးကိုလည်း မမြင်ဘဲ အဘဲဖြစ်ဖြစ်ကြားနေမည်ဆိုသော စိုက်လိုက်မတ်တတ်ဝါဒကိုကား ကျွန်ုပ်တို့လုံးဝလက်မခံနိုင်။ ဤသို့သော ကြားနေရေး ဝါဒမျိုးသည် လွတ်လပ်သောဗမာပြည်၏ လက်နှစ်ဘက်ကို မလွတ်လပ်အောင် ချည် နှောင်ထားခြင်းသာလျှင်ဖြစ်သည်။ လွတ်လပ်စွာမလုပ်ဆောင်ခြင်း အားဖြင့် စစ်ဘေး နှင့်အခြား ဘေးအမျိုးမျိုးမှ လွတ်ကင်းမည် ဆို မည့်အချက်မှာ လုံးဝမမှန်။ စစ်လမ်းကြောင်း ပေါ်တွင် တည်ရှိခဲ့ သော အားသေးသည့် နိုင်ငံကလေးမှန်သမျှ အကြောင်းပေါ်သည့် အခါတိုင်း စစ်တလင်း ဖြစ်ခဲ့ကြရသည်မှာ ရာဇဝင်တွင် ထင်ရှား သောသာဓကဖြစ်သည်။ ဗမာပြည်မှာ စစ်ကြောင်းကျ ယုံ သာမက စစ်နှင့်သက်ဆိုင်သော သဘာဝပစ္စည်းများလည်း ပေါများသဖြင့် သာ၍ပင်ဘေးရန်များပေသည်။ ထို့အပြင် ဗမာပြည်က ကြားနေ၍ မည်ကဲ့သို့သောအကူအညီကိုမှ မယူဘဲနေစဉ်တွင် အိန္ဒိယမှစ၍ အ ခြားပါတ်ဝန်းကျင်ရှိ နိုင်ငံကြီးငယ်တို့သည် အကူအညီအမျိုးမျိုးကို ယူ၍ သူတို့၏အင်အားကို အစွမ်းကုန် ကြီးမားတိုးတက်အောင် ပြု လုပ်နေကြသည်။ အင်အားသေးသည့် ဗမာပြည်သည်အင်အားကြီး မားသောခံတပ်ကြီးများ ဝိုင်းဝန်းခြင်းခံနေရသည့်အဖြစ်သို့ ရောက် နေရသည်။ ဤကျောက်ဝိုင်းကြီးတွင် အားသေးသော ဗမာပြည် သည် အားသေးသောအဖြစ်၌သာ လက်ရှိအခြေအနေအရ ဆက် ၍တည်ရှိပေတော့မည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ နိုင်ငံခြားရေးဝါဒ သည် ပြည်ထောင်စုကြီး၏အကျိုးနှင့် တိုးတက်မှုကိုရှေးရှု၍လွတ်လပ် စွာဆောင်ရွက်မည်ဆိုသော ဝါဒဖြစ်သည်။



(ဂ) ကမ္ဘာ့ပြဿနာအရပ်ရပ်တို့ကို ဖြေရှင်းကြရာ၌ သည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည်သာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့ စည်းလုံးရေးနှင့် ကမ္ဘာ့ဒီမိုကရေစီရေးတို့ကို ကိုယ်စားပြုသည့် အဖွဲ့ အစည်းကြီးဖြစ်သည့်အတိုင်း ထိုအဖွဲ့ကြီးက ကြိုးစားဖြေရှင်းခြင်းကို ကျွန်ုပ်တို့လုံးဝ ထောက်ခံအားပေးကြမည်ဖြစ်သည်။

## လောလောဆယ်လုပ်ငန်းစဉ်များ

အမျိုးသားပေါင်းစုံ မဟာမိတ်၏ လောလောဆယ်လုပ်ငန်းနှင့် လမ်းစဉ်တို့မှာ အကျဉ်းအားဖြင့် အောက်ပါအတိုင်းဖြစ်သည်။

(၁) အမျိုးသားစိတ်ဓါတ် အမျိုးသားညီညွတ်မှုနှင့် လုပ်ငန်းစဉ်များကို အစွမ်းကုန်အားပေးရေး။

(၂) ပြည်တွင်းငြိမ်းချမ်းသာယာမှုနှင့် အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုတို့ရရှိရေး။

(၃) ကုန်ဈေးနှုန်းကျဆင်းရေးနှင့်စီးပွားရေး ချောင်လည်မှုရရှိရေး။

(၄) သန့်ရှင်းစင်ကြယ်၍ တတ်ကျွမ်းနားလည်သော အုပ်ချုပ်မှုရရှိရေး။

(၅) အောက်တွင်ဖော်ပြထားသော အချက် (၃) ချက်ပေါ်တွင်အခြေခံပြု၍ တိုင်းပြည်ကိုပြန်လည်ထူထောင်ရေး။

(က)။ လယ်ယာစိုက်ပျိုးရေးစနစ်ကို ခေတ်မီစွာစတင်ပြုပြင် ပြောင်းလဲရေး။

၁။ လယ်လုပ်သူ လယ်မြေယာ ပိုင်ဆိုင်ခွင့်ရှိရေး။
၂။ မြေကိုအချင်းချင်း ရောင်းဝယ်ဖလယ်နိုင်ခွင့်ရှိရေး။
၃။ နိုင်ငံတော် သား များ ၏ လယ်ယာမြေများကို အစိုးရက သိမ်းယူခဲ့သည်ရှိသော် တရားမျှတသော လျော်ကြေးကိုပေး ရေး။

(ခ)။ စက်မှုလက်မှုလုပ်ငန်းကို ခေတ်မှီစွာ အခါအားလျော်စွာ စတင်ထူထောင်ဖန်တီးရေး။

၁။ တိုင်းပြည်နှင့် သင့်လျော်မည့် လက်လှမ်းမှီနိုင်သည့် စက်မှု လက်မှုလုပ်ငန်းများကို စတင်အားပေးရေး။

၂။ အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်ပေးရေး။

၃။ အလုပ်သမားနှင့် အလုပ်ရှင်များဆက်ဆံရာ၌ နှစ်ဦးနှစ်ဘက် အကျိုးရှိစေရေးကို အဓိကထားရေး။

(ဇ) ပြည်သူပြည်သားတိုင်းအခွင့်အရေးနှင့်တာဝန်ဝတ္တရားကို ခွဲခြား၍ သဘောပေါက်နားလည်လိုက်နာအောင် ကြိုးစားညွှန်ပြရေး (ရှေးက မြန်မာပြည်အကြိမ်ကြိမ် ပျက်စီးခဲ့ရသည်မှာ အမျိုးသားများ အခွင့်အရေးကို တောင်းဆိုရရှိရန်သာ နားလည်သိရှိခဲ့ကြ၍ တာဝန်ဝတ္တရားနှင့်စည်းကမ်းရှိရမည့်ဆိုသည့်အချက်ကိုလုံးဝ သဘောမပေါက် နား မလည်ခဲ့ကြခြင်းကြောင့် ဖြစ်သည်)။

ဤကား....ကျွန်ုပ်တို့ အမျိုးသားပေါင်းစုံ မဟာဓိတ်၏ ရေရှည် လုပ်ငန်းစဉ်နှင့် လောလောဆယ် လုပ်ငန်းစဉ်များ ဖြစ်ကြပေသည်။

ရန်ကုန်မြို့ ကန်တော်ကလေး အမှတ် ၈၈-တိုင်းကျော် ပုံနှိပ်တိုက်တွင် ဦးကျင်ကျွယ်က ရိုက်နှိပ်သည်။

# အမျိုးသားဝေပါဒီးတို့
# မဟာစိတ်
# ၏
# ၁-၄-လိုးလမ်းစဉ်ကြီး

၁ မိုးမိုးအရပ်ချုပ်မှုကျွမ်းကျင်နားလည်ခြင်း။

၂ စင်ကြယ်သန့်ရှင်းစွာ တိုင်းပြည် အကျိုးဆောင်ရွက်ခြင်း။

၃ ညည်းမဲ့ကင်းမဲ့ သောင်းကျန်းမှု ပပျောက်ရန် နှိမ်နင်းခြင်း။

၄ စီးပွားရေး ချောင်လည် ပွ ဖြိုးစေရန် ထွက်ကုန်ပစ္စည်း အစွမ်းကုန် ထုတ်လုပ်ခြင်း။